## Twenty-Seventh Sunday in Ordinary Time (October 05, 2014)

**1st READING:** ***Isaiah 5:1-7***

ဟေရှာယအနာဂတ္တိကျမ်း ၅း ၁–၇

ငါချစ်ရာသခင်၏စပျစ်ဥယျာဉ်တော်ကိုအကြောင်းပြု၍၊မေတ္တာသီချင်းကိုရှေ့တော်၌ဆိုပေအံ့။ မြေကောင်းသောတောင်ပေါ်မှာငါချစ်ရာသခင်၏စပျစ်ဥယျာဉ်တော်တဆူရှိ၏။ မြေကိုတူး၍ကျောက်ခဲတို့ကိုရှင်းလင်းစေပြီးမှ၊အကောင်းဆုံးသောစပျစ်နွယ်ပင်တို့ကိုစိုက်ပျိုးတော်မူ၏။ ဥယျာဉ်ထဲမှာမှီခိုရာတဲလင့်ကိုလည်းဆောက်၍၊စပျစ်သီးနယ်ရာကျင်းကိုလည်းတူးတော်မူ၏။ ထိုအခါစပျစ်သီးကိုသီးမည်ဟုမြော်လင့်သည်ရှိသော်၊ဗောရှသီးကိုသီးပါသည်တကား။ ယခုမှာအိုယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့၊ ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကိုစီရင်ကြပါလော့။ ငါ့စပျစ်ဥယျာဉ်၌ငါကျေးဇူးပြုနိုင်လျက်၊မပြုသေးသောအရာတစုံတခုရှိသလော။ စပျစ်သီးကိုသီးမည်ဟုမြော်လင့်သည်ရှိသော်၊ ဗောရှသီးကိုအဘယ်ကြောင့်သီးသနည်း။ ယခုနားထောင်ကြ။ ငါ့စပျစ်ဥယျာဉ်၌ငါပြုရမည်အမှုကို သင်တို့အားငါဘော်ပြမည်။ စောင်ရန်းကိုငါပယ်ရှင်းသဖြင့်၊ သူတပါးတို့သည်စားကြလိမ့်မည်။ အုတ်ရိုးကိုငါဖျိုသဖြင့်၊ သူတပါးတို့သည်ကျော်နင်းကြလိမ့်မည်။ ဥယျာဉ်ကိုငါရှင်းရှင်းဖျက်ဆီးမည်၊အဘယ်သူမျှမပြင်ဆင်ရ။ အဘယ်မျှပတူးမဆွရ။ ဆူးပင်အမျိုးမျိုးပေါက်ကြလိမ့်မည်။ ထိုဥယျာဉ်အပေါ်မှာလည်းမိုဃ်းမရွာစေခြင်းငှါငါပညတ်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏စပျစ်ဥယျာဉ်ကား၊ဣသရေလအမျိုးတည်း။ နှစ်သက်တော်မူသောပျိုးပင်ကား၊ယုဒလူတည်း။ တရားစီရင်ခြင်းကိုမြော်လင့်တော်မူသည်ရှိသော်၊အသေသတ်ခြင်းကိုရင်း၊ ဖြောင့်မတ် ခြင်းအရာ၌လည်းငိုကြွေးခြင်းကိုရင်းင်းတွေ့မြင်တော်မူ၏၊

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  80: 9,12,13-14,15-16,19-20

ဆာလံကျမ်း ၈၀း

**သံပြိုင်**။ ။ ဘုရားသခင်၏စပျစ်ဥယျာဉ်သည် ဣသရေလလူမျိုးပြစ်၏။

R/ The vineyard of the Lord is the house of Israel.

၁။ ကိုယ်တော်သည်စပျစ်နွယ်တစ်ပင်ကိုအီဂျစ်ပြည်မှဆောင်ယူခဲ့၍တိုင်းတစ်ပါးသားတို့အားနှင်ထုတ်
တော်မူပြီးလျှင်ထိုစပျစ်နွယ်ကိုစိုက်ပျိုးတော်မူခဲ့၏။ ကိုယ်တော်သည်ထိုစပျစ်နွယ်အတွက်မြေနေရာကို
ရှင်းလင်းပေးခဲ့၏။ စပျစ်နွယ်သည်လည်းအမြစ်တွယ်၍မြေတစ်ပြင်လုံးကိုပြည့်စေခဲ့၏။ **သံပြိုင်**။ ။

A vine from Egypt you transplanted; you drove away the nations and planted it. It put forth its foliage to the Sea, its shoots as far as the River.

၂။အဘယ်ကြောင့်ခြံတံတိုင်းတို့ကိုဖြိုဖျက်တော်မူပါသနည်း။တောဝက်တို့သည်စပျစ်နွယ်ကိုဖျက်ဆီးကြ၍
လယ်ကွင်းပြင်ရှိသတ္တဝါတို့သည်လည်းယင်းကိုမှီဝဲစားသောက်ကြ၏။ **သံပြိုင်**။ ။

Why have you broken down its walls, so that every passer-by plucks its fruit, The boar from the forest lays it waste, and the beasts of the field feed upon it?

၃။ အထက်ကောင်းကင်မှအောက်သို့ငုံ့ကြည့်၍ရှုမြင်တော်မူပါ။ဤစပျစ်နွယ်ကိုစောင့်ရှောက်ထိန်း
သိမ်းတော်မူပါ။ ညာလက်ရုံးတော်ဖြင့်စိုက်ပျိုးထားသောအမြစ်၊ကိုယ်တော်အတွက်၊ကိုယ်တော်ကိုယ်တိုင်
ပျိုးထောင်ထားသောသားကိုထိန်းသိမ်းစောင့်ရှောက်တော်မူပါ။ **သံပြိုင်**။ ။

Once again, O LORD of hosts, look down from heaven, and see; take care of this vine, and protect what your right hand has planted the son of man whom you yourself made strong.

၄။ထိုအခါတပည့်တော်တို့သည်ကိုယ်တော်ထံပါးမှကျောခိုင်းသွားကြမည်မဟုတ်ပါ။တပည့်တော်တို့အား
ပြန်လည်သက်ဝင်စေတော်မူပါ။တပည့်တော်တို့သည်လည်းကိုယ်တော်၏နာမတော်ကိုခေါ်တကြပါလိမ့်
မည်။ အားလုံးစုံကိုတတ်နိုင်တော်မူသောအို ဘုရားသခင် တပည့်တော်တို့အားပြန်လည်ထူထောင်ပေး
တော်မူပါ။ တပည့်တော်တို့သည်ကယ်တင်ခြင်းခံရအံ့သောငှါကိုယ်တော်၏မျက်နှာတော်ကိုတပည့်တော်
တို့အပေါ်ထွန်းတောက်စေတော်မူပါ။ ။**သံပြိုင်**။ ။

Then we will no more withdraw from you; give us new life, and we will call upon your name. O LORD, God of hosts, restore us; if your face shine upon us, then we shall be saved.

## 2nd READING: Philippians 4:6-9

ဖိလိပ္ပိဩဝါဒစာ ၄း ၆– ၉

မည်သည့်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ ခပ်သိမ်းသောအမှုတို့၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းကိုပြု၍ဆုတောင်းပတ္တနာပြုလျက်သင်တို့ လိုလားသောအရာများကို ဘုရားသခင်အားလျှောက်ထားကြလော့။ ထိုသို့ပြုလျှင်မည်သူမျှကြံဆနားလည်းရန် မစွမ်းနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ခရစ်တော်ယေရှုအားဖြင့်သင်တို့၏စိတ်နှလုံးကိုစောင်မတော်မူလိမ့်မည်။ နိဂုံးချုပ်ဆိုရသော်ညီအစ်ကိုတို့သင်တို့သည်မှန်ကန်သောအရာ၊မွန်မြတ်သောအရာ၊ လျောက်ပတ်သောအရာ၊ ဖြူစင်သောအရာ၊နှစ်သက်ဖွယ်သောအရာအသရေရှိသောအရာတည်းဟူသောကောင်းမြတ်၍ချီးမွမ်းဖွယ်သောအရာရှိသမျှတို့ကိုနှလုံးသွင်းကြလော့။ ငါ၏အထံတွင်သင်တို့သင်ကြားသိမြင်ခဲ့သမျှကိုပြုကျင့်ကြလော့။ ထိုသို့ကျင့်လျှင်ငြိမ်သက်ခြင်း၏အရှင်၊ဘုရားသခင်သည်သင်တို့နှင့်အတူရှိလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 21:33-43***

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၁း၃၃–၄၃

အခြားပုံဥပမာတစ်ခုကိုနားထောင်ကြလော့၊ စပျစ်ခြံပိုင်ရှင်တစ်ဦးသည် စပျစ်ဥယျာဉ်ကို စိုက်ပျိုး၍ခြံဝင်းကာရံပြီးလျှင် စပျစ်သီးနယ်ရာကျင်းကို တူးလေ၏။ လင့်စင်ကိုလည်း ဆောက်ထားပြီး သီးစားလုပ်သူတို့အားငှါးရမ်းထားခဲ့၍ရပ်ဝေးသို့ထွက်သွားလေ၏။ စပျစ်သီးဆွတ်ခူးချိန်ရောက်သောအခါသီးစားခစပျစ်သီးများရယူရန်ငှါးရမ်းထားသူများထံသို့အစေခံများကိုစေလွှတ်လိုက်၏။ သီးစားလုပ်သူတို့သည်ထိုအစေခံများကိုဖမ်းပြီးလျှင်တစ်ဦးကိုရိုက်ကြ၏၊တစ်ဦးကိုသတ်ကြ၏။ နောက်တစ်ဦးကိုကျောက်ခဲနှင့်ပစ်ပေါက်ကြ၏။ တဖန် စပျစ်ခြံပိုင်ရှင်က ယခင်ကထက်အရေအတွက်များသောအစေခံတို့ကိုစေလွှတ်ပြန်လျှင်သီးစားလုပ်သူတို့သည်သူတို့ကိုလည်းထိုနည်းတူပြုကြ၏။ နောက်ဆုံး၌မူသူကထိုသူတို့သည်ငါ့သားကိုလေးစားကြလိမ့်မည်ဟုဆို၍မိမိသားကိုသူတို့ထံသို့စေလွှတ်လေ၏။ သို့သော်သီးစားလုပ်သူတို့သည်သားဖြစ်သူကိုမြင်ကြလျှင်ဤသူသည်အမွေခံသားဖြစ်၏။ လာကြ၊သူ့ကိုသတ်၍သူ၏အမွေကိုယူကြကုန်အံ့ဟုအချင်းချင်းတိုင်ပင်ကြ၏။ ထို့နောက်သူ့ကိုဖမ်းပြီးလျှင်ဥယျာဉ်အပြင်သို့ထုတ်၍သတ်ပစ်ကြ၏။ သို့ဖြစ်လျှင်စပျစ်ဥယျာဉ်ရှင်လာသောအခါထိုသီးစားလုပ်သူတို့အားမည်သို့ပြုလိမ့်မည်နည်းဟုမေးတော်မူလျှင်သူတို့ကဆိုးယုတ်သောသူတို့ကိုအသေဆိုးနှင့်သေစေလိမ့်မည် ။မိမိဥယျာဉ်ကိုလည်းသီးစားခမှန်မှန်ပေးမည့်အခြားသူတို့အားငှားရမ်းလိမ့်မည်ဟုဖြေကြားကြ၏။ သခင်ယေရှုကလည်းတိုက်ကိုဆောက်သောသူတို့ပယ်ထားသောကျောက်သည်အဓိကကျသည့်ထောင့်ချုပ်ကျောက်ဖြစ်လေပြီ။ ထိုအမှုသည်၊ဘုရားသခင်ပြုတော်မူသောအမှုဖြစ်၍ငါတို့မျက်မှောက်၌အံ့ဖွယ်ရာဖြစ်လေပြီဟူသောကျမ်းစကားကိုသင်တို့မဖတ်ဖူးကြသလော။ သို့ဖြစ်၍သင်တို့အားငါဆိုသည်ကားဘုရားသခင်၏နိုင်ငံတော်ကိုသင်တို့ထံမှရုတ်သိမ်း၍နိုင်ငံတော်နှင့်ဆိုင်ရာအသီးအပွင့်တို့ကိုဖြစ်ထွန်းစေမည့်လူမျိုးအားပေးလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။